# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
# ကြေညာချက်အမှတ်(၃/၂၀၁၉)
# ၂၀၁၈ ခုနှစ်အတွက် စစ်ဆေးတွေ့ရှိချက်ရလဒ်အား ထုတ်ပြန်ကြေညာခြင်း
# ၁၃၈၁ ခုတန်ခူးလပြည့်ကျော် (၅)ရက်
# ၂၀၁၉ခုနှစ် ၊ ဧပြီလ ၂၄ ရက်

ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၁၁ (ဃ) အရ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ အတွင်း ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ(၆)ခုသို့ ယင်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် သွားရောက်စစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်ရလဒ်များ အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ငွေချေးသက်သေခံလက်မှတ်အရောင်းအဝယ်လုပ်ငန်း (Stock Business)**

- ဈေးကွက်ပြင်ပတွင် ရှယ်ယာလွှဲပြောင်းခြင်းကို YSX ထံ အသိပေးပြီး ဆောင်ရွက်ခဲ့သော်လည်း ရှယ်ယာလွှဲပြောင်းပြုလုပ်ရသည့် အကြောင်းအရင်းနှင့် ရှယ်ယာလွှဲပြောင်းခြင်းကို လိုက်နာဆောင်ရွက်မှု**အားနည်းခြင်း၊**
- အရောင်းအဝယ်တင်သွင်းသည့် အမှာစာများအား စနစ်တကျမှတ်တမ်းတင် ထိန်းသိမ်းထားရှိမှု အားနည်းခြင်း၊
- အရောင်းအဝယ်ပြုလုပ်ရန် ငွေသွင်း/ ငွေထုတ်ခြင်းအား Manual ဖြင့် စာရင်းသွင်းရသောကြောင့် တာဝန်ကျဝန်ထမ်းများမှ အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်ခြင်း၊

**ဥပဒေရေးရာလိုအပ်သောစာရွက်စာတမ်းများ (Legal Required Document)**

- တစ်ဦးချင်းလျှောက်လွှာနှင့် ကုမ္ပဏီစာရင်းဖွင့်လျှောက်လွှာများတွင် စာရင်းတစ်ခုထက်ပို၍ ဖွင့်လှစ်ထားကြောင်းတွေ့ရှိရသဖြင့် စာရင်းဖွင့်လျှောက်လွှာပါအချက်အလက်များ၏ မှန်ကန်မှုကို အတည်ပြုရန် လိုအပ်ခြင်း၊
- ကုမ္ပဏီအတွင်းချမှတ်ထားသော လက်စွဲစာအုပ်ပါအချက်များကို လိုက်နာမှု၊ ကြပ်မတ်မှုအားနည်းခြင်း၊

- ငွေချေးသက်သေခံ လက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ ၅၂ (ခ) နှင့်အညီ သက်ဆိုင်သည့်စာရင်းနှင့် မှတ်တမ်းများတွင် သတင်းအချက်အလက်များ ပြည့်စုံစွာပါဝင်ရန် လိုအပ်ခြင်း၊
- ကြော်ငြာအလို့ငှာ ဖြန့်ဝေထားသော လက်ကမ်းစာစောင်များတွင် ကော်မရှင်မှထုတ်ပေးထားသည့် လုပ်ငန်းလိုင်စင်အမှတ်၊ လျော်ကြေးများနှင့် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ သိသင့်သိထိုက်သည့် ဆုံးရှုံးနိုင်ခြေများကို ပြည့်စုံစွာ ဖော်ပြထားမှုအားနည်းခြင်း၊
- Online Trading Account ဖွင့်လှစ်ခြင်းအတွက် လျှောက်လွှာပုံစံတွင် လူကိုယ်တိုင်လာရောက်လက်မှတ်ရေးထိုးရန်နှင့် အတည်ပြုစစ်ဆေးရန် လိုအပ်ခြင်း၊

**စည်းမျဉ်းစည်းကမ်းများလိုက်နာဆောင်ရွက်ခြင်း (Compliance)**

- ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ ၇၀ အပိုဒ် (က) ၊ အပိုဒ်ခွဲ(၁) နှင့်(၃)တို့တွင် ညွှန်ကြားထားသည့် ငွေကြေးနှင့်ရရန်ပိုင်ခွင့်များကို လုပ်ငန်းနှင့်ဆက်သွယ် ဆောင်ရွက်သူနှင့် သဘောတူထားသည့် ကိစ္စရပ်တွင်သာ သုံးစွဲရန်နှင့်မိမိ၏ကိုယ်ပိုင်ငွေကြေးကို လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏စာရင်းမှ ရရှိသည့် ငွေနှင့်ရောနှောခြင်း မရှိစေရန်အတွက် စာရင်းရှင်းလင်းရန်သီးသန့်ငွေထားရှိရန်၊ လက်ဝယ်ကိုင်ဆောင်မည့်အများဆုံးပမာဏ သို့မဟုတ် ရာခိုင်နှုန်းတွက်ချက်သတ်မှတ်ရန်နှင့် **ကုမ္ပဏီ၏ဌာနတွင်းစည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ရန်နှင့် လက်စွဲစာအုပ်များတွင်**ထည့်သွင်းဖော်ပြရန် လိုအပ်ခြင်း၊
- Compliance Officer တစ်ဦးဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများနှင့် ပတ်သက်၍ ရှင်းလင်းစွာပြဋ္ဌာန်းထားရှိရန်၊ အထက်အဆင့်ဆင့်သို့တင်ပြချက်များနှင့်စပ်လျဉ်း၍ မှတ်တမ်းများထိန်းသိမ်းထားရှိရန်၊ **ကုမ္ပဏီတွင်းထုတ်ပြန်ထားသည့် လိုက်နာဆောင်ရွက်ရမည့်စည်းမျဉ်းစည်းကမ်း လက်စွဲများအားလိုက်နာဆောင်ရွက်ရန်အားနည်း ခြင်း၊**
- အရောင်းအဝယ် အမှန်တကယ်ပြုလုပ်လိုခြင်း မရှိသည့် အမှာစာများ၊ အရောင်းအမှာစာ၊ အဝယ်အမှာစာများအား တပြိုင်နက်တည်း အမှာစာတင်သွင်းသည့် လုပ်ငန်းနှင့် ဆက်သွယ် ဆောင်ရွက်သူများ၏အရောင်းအဝယ်အား ဈေးကွက်အတွင်းဖြစ်ပေါ်နေသော အခြေအနေများနှင့် တိုက်ဆိုင်စစ်ဆေး၍ စောင့်ကြည့်ခြင်း၊ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ထားရှိရန် လိုအပ်ခြင်း၊
- Underwriting License ရယူထားသောကုမ္ပဏီများဖြစ်သည့်အတွက် Underwriting လုပ်ငန်းများကို အလေးထားလုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ခြင်း၊

**သတင်းအချက်အလက်နည်းပညာစနစ် (Information and Communication Technology System)**

- IT နှင့်ပတ်သက်၍ ဌာနတွင်း စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားမှုအားနည်းခြင်း၊ လုပ်ငန်းတာဝန်များ ကို စည်းမျဉ်းစည်းကမ်း များတွင်သီးခြားသတ်မှတ်ထားရန်လိုအပ်ခြင်း၊
- IT System နှင့် ပတ်သက်၍ ဌာနတွင်း စာရင်းစစ်အဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်ခြင်း သို့မဟုတ် ပြင်ပကျွမ်းကျင်သူဖြင့်စစ်ဆေးဆောင်ရွက်ရန်လိုအပ်ခြင်း၊
- ကွန်ပျူတာစနစ် နှင့်ပတ်သက်သော ကိစ္စရပ်များ (သို့မဟုတ်) အခြားအရေးပေါ် ကိစ္စရပ်များ အတွက် ပြုစုထားသည့် Contingency Plan များတွင်လုံလောက်သော အချက်အလက်များ ပါဝင်မှုရှိရန်လိုအပ်ခြင်း၊